


VOLUME I, SPECIAL ISSUE 12 20 June 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ် | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်ဇော်မင်းထွန်း ပြောကြားချက်များမှ ကောက်နုတ်ချက် | ၄ |
| ၃ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းပြောကြားချက်မှ ကောက်နုတ်ချက် | ၈ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှ အမေးအဖြေကောက်နုတ်ချက်များ | ၁၁ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇွန်လ ၁၆ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက-

- PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လိုသူများအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပြန်လည်လက်ခံလျက်ရှိကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား လုပ်ငန်းစဉ်အလိုက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းချက်အပေါ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ချင်းအလိုက် တွေ့ဆုံဆွေးနွေးပြီးခဲ့မှုများ၊ ဆက်လက်ဆွေးနွေးသွားမည့်အစီအစဉ်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ယခင်ဖိတ်ခေါ်ကမ်းလှမ်းချက်များအတိုင်း ထပ်မံ၍ဖိတ်ခေါ်ကမ်းလှမ်းထားကြောင်း။
- နိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် CDM ပြုလုပ်ခဲ့ပြီး တာဝန်မှကင်းကွာခဲ့ရသည့် ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်း၊ မြို့နယ်ပညာရေးမှူးရုံးသို့ ၎င်းတို့၏ သဘောဆန္ဒအလျောက် သတ်မှတ်ပုံစံဖြည့်၍ အယူခံလွှာတင်သွင်း သတင်းပို့ကြရန် အသိပေးကြေညာထားကြောင်း။
- ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်အတွင်း အကြမ်းဖက်သမားများက ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား အကြမ်းဖက်မှုကျူးလွန်ခဲ့မှုများနှင့် ကျောင်းအဆောက်အဦများအား ဖျက်ဆီးခဲ့မှုများကို video ဖိုင်များ၊ PowerPoint Presentation များဖြင့် ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းပြောကြားခဲ့ပါသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၆-၂၀၂၂)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော PowerPoint Slides များ








- **PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လိုသူများအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပြန်လည်လက်ခံလျက်ရှိ။**
- **နိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် CDM ပြုလုပ်ခဲ့ပြီး တာဝန်မှကင်းကွာခဲ့ရသည့် ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာကျောင်း၊ မြို့နယ်ပညာရေးမှူးရုံးသို့ ၎င်းတို့၏သဘောဆန္ဒအလျောက် သတ်မှတ်ပုံစံဖြည့်၍ အယူခံလွှာတင်သွင်း သတင်းပို့ကြရန် အသိပေးကြေညာထား။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော PowerPoint Slides များ




| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | ဥပဒေဘောင်တွင်း ဝင်ရောက်လာသူဦးရေ | ပါရှိသောလက်နက်ခဲယမ်း | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | လက်နက် | ခဲယမ်း | |
| ၁ | နေပြည်တော် | | | | | |
| ၂ | ကချင် | | | | | |
| ၃ | ကယား | | | | | |
| ၄ | ကရင် | | | | | |
| ၅ | ချင်း | | | | | |
| ၆ | စစ်ကိုင်း | ကလေးမြို့ | ၅ | | | |
| ၇ | တနင်္သာရီ | | | | | |
| ၈ | ပဲခူး | | | | | |
| ၉ | မကွေး | ငဖဲမြို့ | ၉ | | | |
| ၁၀ | မန္တလေး | မန္တလေးမြို့ | ၁၅ | | | |
| ၁၁ | မွန် | | | | | |
| ၁၂ | ရခိုင် | | | | | |
| ၁၃ | ရန်ကုန် | | | | | |
| ၁၄ | ရှမ်း | | | | | |
| ၁၅ | ဧရာဝတီ | ပုသိမ်မြို့ | ၁ | | | |
| | | ကျုံပျော်မြို့ | ၈ | | | |
| | စုစုပေါင်း | ၅ | ၃၈ | | | |



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်ဇော်မင်းထွန်း ပြောကြားချက်များမှ ကောက်နုတ်ချက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇွန်လ ၁၆ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ပါသည်။

သတင်းစာရှင်းလင်းပွဲ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက–

- နိုင်ငံတော်က အကြမ်းဖက်အုပ်စုဟု သတ်မှတ်ထားသည့် CRPH နှင့် NUG တို့သည် နိုင်ငံတော်အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ပြီး လူငယ်များကို ဝါဒရေးရာမှိုင်းတိုက်၍ အကြမ်းဖက်မှုကျူးလွန်စေရန်၊ နိုင်ငံတော်ကိုဆန့်ကျင်စေရန်ဆောင်ရွက်ခဲ့ရာ စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ အကြမ်းဖက်မှုများတွင် ပါဝင်ခဲ့ရပါကြောင်း။
- နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်ရေးအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညီညွတ်ညွတ်နှင့် ပါဝင်ဆောင်ရွက်စေလိုသည့်ဆန္ဒဖြင့် အဆိုပါစည်းရုံးသိမ်းသွင်းခံထားရသူများကို သတ်မှတ်စည်းကမ်းချက်များနှင့် ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝကို ပြန်လည်ဝင်ရောက်စေနိုင်ရေးဆောင်ရွက်ပေးခဲ့ရာ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့တွင် ၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ၁ ဦးနှင့် ကျုံပျော်မြို့တွင် ၈ ဦး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် ၁၅ ဦး၊ စုစုပေါင်း ၃၈ ဦးလက်ခံခဲ့ပြီးဖြစ်ကြောင်း။
- အစိုးရအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် PDF ထဲရောက်သွားသူများကို ပြန်လည်လက်ခံရန် စီစဉ်ရခြင်းမှာ မိဘပြည်သူများ၏ တောင်းဆိုမှုနှင့် PDF များကို လက်ခံထားသည့် အချို့သော EAOs အဖွဲ့အစည်းများမှ အဖွဲ့ဝင်တချို့က ၎င်းတို့နယ်မြေဒေသတွင် PDF များနှင့်ပတ်သက်၍ ဝန်ထုပ်ဝန်ပိုးဖြစ်နေသည့်အကြောင်း ပြောကြားလာမှုများကြောင့်ဖြစ်ကြောင်း။
- ယခုရက်ပိုင်းအတွင်း တိုင်းရင်းသားလက်နက်ကိုင်နယ်မြေတစ်နေရာ၌ PDF အဖွဲ့မှ ရဲဘော်ဆင်မကြီးဆိုသူကို ၎င်းတို့ကိုယ်တိုင်သတ်လိုက်သည့် အမှုကိစ္စဖြစ်ခဲ့သည်ကို PDF များနှင့် တချို့သော EAOs အဖွဲ့အစည်းများမှ လူများကိုယ်တိုင် Social Media ပေါ်တင်ခဲ့ကြောင်း၊ လမ်းမှားရောက်နေသည့်လူငယ်လူရွယ်များအနေဖြင့် မိမိတို့ အစိုးရကသားသမီးချင်းစာနာစိတ်၊ နိုင်ငံသူနိုင်ငံသားချင်းစာနာစိတ်ဖြင့် ယခုကဲ့သို့ ဖိတ်ခေါ်နေသည့်အချိန်သည် အချိန်ကောင်းဖြစ်၍ ပြန်လည်ဝင်ရောက်စေလိုကြောင်း။

- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်ဟု သတ်မှတ်ထားပြီး ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးက မျှော်လင့်တောင့်တနေသည့် ငြိမ်းချမ်းရေး အဆင့်တစ်ခုရောက်အောင် ဦးစီးဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။
- အစိုးရ၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းချက်အပေါ် NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့ ၇ ဖွဲ့၊ NCA လက်မှတ်မထိုးရသေးသည့် အဖွဲ့ ၃ ဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့က တက်ရောက်မည်ဟုပြန်ကြားခဲ့ပြီး ၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်တွင် RCSS(SSA)အဖွဲ့ဥက္ကဋ္ဌ စဝ်ယွက်ဆစ် ဦးဆောင်သည့် အဖွဲ့နှင့် ပထမဦးဆုံးဆွေးနွေးခဲ့ကြောင်း။
- ဆွေးနွေးရာတွင် စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီစနစ်နှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် သွားနိုင်မည့်လမ်း၊ လုပ်နိုင်မည့်နည်းလမ်း၊ အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မည့်အပေါ် ဆွေးနွေးခဲ့ကြသကဲ့သို့ ဒေသခံများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု အခက်အခဲအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးခဲ့ပြီး မွန်ပြည်သစ်ပါတီ(NMSP)နှင့်ဆွေးနွေးရာတွင် ဖက်ဒရယ်နှင့်ဆိုင်သည့်မူများ၊ ပြည်နယ်ဖွဲ့စည်းပုံဆိုင်ရာကိစ္စ၊ ဒေသလုံခြုံရေး၊ တိုင်းရင်းသားဒေသပညာရေးစနစ်၊ တိုင်းပြည်တည်ငြိမ်ရေးလမ်းကြောင်းအပေါ် အထောက်အကူပြုနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း။
- ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA (PC)နှင့်တွေ့ဆုံရာတွင် မိမိတိုင်းရင်းသား၊ မိမိပြည်နယ်နှင့် မိမိတိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်စဉ်းစားဆောင်ရွက်ရန်လိုသည့် အခြေအနေများကိုလည်းကောင်း၊ “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP နှင့်ဆွေးနွေးရာတွင် တိုင်းပြည်၏လိုအပ်ချက်၊ ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များ ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့။
- အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား) အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် မိမိတို့အနေဖြင့် တိုင်းပြည်၏အနာဂတ်မျိုးဆက်သစ်များကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို လက်ဆင့်ကမ်းနိုင်ရေး ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည့်အခြေအနေများ၊ NDAA (မိုင်းလား)အဖွဲ့အနေဖြင့် နိုင်ငံတော်မှခွဲမထွက်ဘဲ ဒို့တာဝန်အရေးသုံးပါးကို စွဲမြဲစွာ ထိန်းသိမ်းလိုက်နာလျက်ရှိသည့် အခြေအနေများအားလည်းကောင်း။
- ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)နှင့်တွေ့ဆုံခဲ့ရာတွင် နိုင်ငံတော်တွင် ခေတ်အဆက်ဆက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များ၊ အမှန်တကယ်ဖြစ်နိုင်ဖွယ်ရှိသည်များကို ဆွေးနွေးခဲ့ကြပြီး ဇွန်လ ၁၆ ရက်တွင် PNLO အဖွဲ့နှင့် ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း။
- ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးစီးအဖွဲ့ဝင်များနှင့် ဆွေးနွေးပွဲတက်ရောက်လာခဲ့ကြသည့် အဖွဲ့အသီးသီးသည် ထပ်မံဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲ သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ဆွေးနွေးရန်ကျန်ရှိသည့် တိုင်းရင်းသား EAO အဖွဲ့ ၃ ဖွဲ့နှင့်လည်း ဆက်လက်တွေ့ဆုံဆွေးနွေးသွားရန်ရှိကြောင်းကို ပြောကြားလိုကြောင်း။
- ငြိမ်းချမ်းရေးရရှိရန်အတွက် ငြိမ်းချမ်ရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တိုင်းပြည်အကျိုး၊ ဒေသအကျိုးအတွက် ငြိမ်းချမ်းရေး ဆွေးနွေးမှုများပြုလုပ်နိုင်ရန် ယခင်ဖိတ်ခေါ်ကမ်းလှမ်းချက်များအတိုင်း ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့အနေဖြင့် ထပ်မံ၍ ဖိတ်ခေါ်ခဲ့ကြောင်း။
- ထပ်မံဖိတ်ခေါ်ချက်အပေါ် တက်ရောက်ဆွေးနွေးမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ ဥက္ကဋ္ဌ(သို့မဟုတ်) ဥက္ကဋ္ဌကိုယ်စား အဆုံးအဖြတ်ပေးနိုင်မည့် ခေါင်းဆောင်နှင့် အဖွဲ့ဝင် ၂ ဦး၏ အမည်စာရင်းကို ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထားပြန်ကြားပေးစေရန် ကမ်းလှမ်းထားပါကြောင်း၊ လက်ရှိတွင် မိမိတို့သည် တပ်မတော်အနေနှင့် အပြင် အစိုးရအနေနှင့်ပါ ဆွေးနွေးနေခြင်းဖြစ်ပြီး ဆွေးနွေးချက်များထဲတွင် ဖြစ်ချင်သည်ကို ဆွေးနွေးကြပြီး ဖြစ်သင့်သည်များကို ပြောဆိုညှိနှိုင်းခဲ့ကြကြောင်း။
- ငြိမ်းချမ်းရေးတည်ဆောက်မှုရလိုလျှင် မိမိတို့နိုင်ငံသားအားလုံးညီညွတ်ရေးကို ဦးစွာတည်ဆောက်ရမည်ဖြစ်

ကြောင်း၊ **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများ၏အားသည် အဓိကကျသည့်အခန်းကဏ္ဍတွင်ပါဝင်ပြီး ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဟု နိုင်ငံတော်အကြီးအကဲက ပြောခဲ့ကြောင်း။

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ အနာဂတ်ခေါင်းဆောင်များဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် ပညာသင်ကြားရေးအတွေ့အကြုံရင့်ကျက်သည့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည်လည်း အရေးပါကြောင်း၊ ပညာရေးတာဝန်များထမ်းဆောင်မှုပေါ် နိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် CDM လုပ်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုများရှိခြင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့ခြင်းများကြောင့် စိုးရိမ်ကြောင့်ကျမှုများဖြစ်ပေါ်လာကာ တာဝန်မှကင်းကွာခဲ့ရသည့် ဆရာ၊ ဆရာမများအနေဖြင့် ၎င်းတို့၏ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ပြန်လည်ဖိတ်ခေါ်ခဲ့ကြောင်း။
- ထို့သို့ဖိတ်ခေါ်ရာတွင် မေလ ၃၁ ရက်နေ့ထိ ကနဦးလက်ခံမည်ဖြစ်သည့်အတွက် သတင်းပို့ကြရန်ထုတ်ပြန်ထားသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသောအခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသည်ကိုတွေ့ရသောကြောင့် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့အထိ ထပ်မံ၍တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း၊ ဇွန်လ ၁၄ ရက်နေ့အထိ အထက်တန်းပြ ၃၇၉ ဦး၊ အလယ်တန်းပြ ၁,၀၀၅ ဦး၊ မူလတန်းပြ ၇၇၂ ဦးစုစုပေါင်း ၂,၁၅၆ဦး စာရင်းပေးရှိထားပြီး လက်ခံဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လက်ခံသွားမည်ဖြစ်ကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ကို ရယူခဲ့ပြီးသည့်နောက်ပိုင်းတွင် အကြမ်းဖက်အဖွဲ့အစည်းများသည် အစိုးရယန္တရားကို ရပ်တန့်ပစ်နိုင်မည့်နည်းလမ်းများကို ဆောင်ရွက်ခဲ့ရာတွင် အစိုးရနှင့်ပတ်သက်နေသည့် လူများ၏မိသားစု၊ အစိုးရကို နိုင်ငံရေးအရ၊ စီးပွားရေးအရ ထောက်ခံအားပေးနေသည့်သူများကို ဖမ်းဆီးခြင်း၊ သတ်ပစ်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ အဆောက်အဦများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ခြင်းစသည့် အကြမ်းဖက်နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း။
- ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွင်း အကြမ်းဖက်သမားများက ဆရာ၊ ဆရာမများအား အကြမ်းဖက်မှုကျူးလွန်ခဲ့သည့်အခြေအနေအနေဖြင့် ဇွန်လ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ရွာတုံကျေးရွာအနီးတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲ(စည်သာ) ကျောင်းအုပ်ဆရာမကြီးအား သေနတ်ဖြင့်ပစ်ခတ်ခြင်း၊ ဇွန်လ ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ မင်းသားကန်ကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးကို သတ်ဖြတ်ခဲ့ခြင်း၊ ဇွန်လ ၁၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်တက္ကသိုလ် (မြန်မာစာဌာန)မှ ကထိကတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို သေနတ်ဖြင့်ပစ်ခတ်သေဆုံးစေခဲ့ခြင်း။
- ဇွန်လ ၁၃ ရက်တွင် PDF အကြမ်းဖက်သမား ၁၅ ဦးခန့်က ရွှေကူမြို့နယ်၊ ကျွန်းတော်ကျေးရွာရှိ ဆရာ/ ဆရာမ ၅ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းများ ကျူးလွန်ခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၃ ရက်အထိ ပညာရေးဝန်ထမ်းများအား ဖမ်းဆီးသတ်ဖြတ်မှု ၂၁ ကြိမ်ဖြစ်ပေါ်ခဲ့ကာ ၄၄ ဦးသေဆုံးခဲ့ကြောင်း၊ ထိုသို့သတ်ဖြတ်ခြင်းများသာမက ဇွန်လ ၉ ရက် နေ့လယ် ၁၂ နာရီကျော်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူ ၁၁၀ ဦးကို ပညာသင်ကြားပေးနေသည့် အခြေခံပညာမူလတန်းလွန်(တည်သီးတော) ကျောင်းကို အကြမ်းဖက်သမားများက Drone တွင် ဗုံးချိတ်ဆွဲပြီး ပစ်ခတ်မှုများဆောင်ရွက်ခဲ့ရာ အဆောက်အဦထိခိုက်ခဲ့ကြောင်း။
- ထိုကဲ့သို့ ကျောင်းများကို ဗုံးခွဲတိုက်ခိုက်ခြင်းသည် ကမ္ဘာပေါ်တွင် မည်သို့မျှလက်မခံနိုင်သည့်၊ စစ်ရာဇဝတ်မှုမြောက်သည့်အကြမ်းဖက်လုပ်ရပ်များဖြစ်ကြောင်း၊ ယင်းလုပ်ရပ်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရှိ သံရုံးများအနေဖြင့် မျက်စိမှိတ်မနေကြရန် မိမိအနေဖြင့် ပြောကြားလိုကြောင်း။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်း-ရွှေဘိုကားလမ်း၊ မိုင်တိုင်အမှတ် ၄၁ အနီးတွင် ဆားတောင်မြို့၊ မြင်းကျရပ်ကွက်နေ ကိုရင် ၃ ပါးဆွမ်းခံ၍ ကျောင်းသို့ပြန်လာစဉ် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့ရာ ပေါက်ကွဲမှုကြောင့် ကိုရင် ၂ ပါး ပျံလွန်တော်မူခဲ့ပြီး တစ်ပါးမိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းတို့ကို မည်သည့်နိုင်ငံ၊ မည်သည့်မီဒီယာမှ ဖော်ပြခြင်းမရှိဘဲ မေးမှိန်အောင်လုပ်နေကြောင်း၊ PDF NUG CRPH အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် အပြစ်မဲ့ ပြည်သူများ ထိခိုက်နစ်နာရကြောင်း။

အဆိုပါ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် မြန်မာ့ အကျိုးကိုမလိုလားသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံ များက မြှောက်ပင့်ပေးနေကြပြီး အလှူငွေပေးနေသည်များ လည်းရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေသည်နှင့်အမျှ အပြစ်မဲ့ သူများ များစွာသေဆုံးနေဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါ သည်။

**(မြဝတီသတင်းစာ ၁၇-၆-၂၀၂၂)**

- **နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်ရေး အခန်းကဏ္ဍတွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ညီညီညွတ်ညွတ်နှင့် ပါဝင်ဆောင်ရွက်စေလိုသည့်ဆန္ဒဖြင့် သတ်မှတ်စည်းကမ်းချက် များနှင့် ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝကို ပြန်လည်ဝင်ရောက်စေနိုင်ရေးဆောင် ရွက်ပေးခဲ့။**
- **အစိုးရအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် PDF ထဲရောက်သွားသူများကို ပြန်လည်လက်ခံရန် စီစဉ်ရ ခြင်းမှာ မိဘပြည်သူများ၏ တောင်းဆိုမှုနှင့် PDF များကို လက်ခံထားသည့် အချို့သော EAOs အဖွဲ့အစည်း များမှ အဖွဲ့ဝင်တချို့က ၎င်းတို့နယ်မြေဒေသတွင် PDF များနှင့်ပတ်သက်၍ ဝန်ထုပ်ဝန်ပိုးဖြစ်နေသည့် အကြောင်း ပြောကြားလာမှုများကြောင့်ဖြစ်။**
- **အစိုးရ၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းချက်အပေါ် NCA လက်မှတ်ရေးထိုး ထားသည့်အဖွဲ့ ၇ ဖွဲ့၊ NCA လက်မှတ်မထိုးရသေးသည့် အဖွဲ့ ၃ ဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့က တက်ရောက်မည်ဟုပြန်ကြားခဲ့ပြီး ၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်တွင် RCSS(SSA) အဖွဲ့ဥက္ကဋ္ဌ စဝ်ယွက်ဆစ် ဦးဆောင်သည့်အဖွဲ့နှင့် ပထမဦးဆုံး ဆွေးနွေးခဲ့။**
- **ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၊ ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်တွင် ထပ်မံ၍ဖိတ်ခေါ်ခဲ့။**
- **ထပ်မံဖိတ်ခေါ်ချက်အပေါ် တက်ရောက်ဆွေးနွေးမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ ဥက္ကဋ္ဌ (သို့မဟုတ်)ဥက္ကဋ္ဌကိုယ်စား အဆုံးအဖြတ်ပေးနိုင်မည့် ခေါင်းဆောင်နှင့် အဖွဲ့ဝင် ၂ ဦး၏ အမည်စာရင်းကို ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထားပြန်ကြားပေးစေရန် ကမ်းလှမ်းထား။**
- **တာဝန်မှကင်းကွာခဲ့ရသည့် ဆရာ၊ ဆရာမများအနေဖြင့် ၎င်းတို့၏သင်ကြားရေးတာဝန်များကို ပြန်လည် ထမ်းဆောင်နိုင်ရန်အတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်အထိ ထပ်မံ၍ တိုးမြှင့်သတ်မှတ်ပေးခဲ့၊ ဇွန်လ ၁၄ ရက်နေ့အထိ အထက်တန်းပြ ၃၇၉ ဦး၊ အလယ်တန်းပြ ၁,၀၀၅ ဦး၊ မူလ တန်းပြ ၇၇၂ ဦးစုစုပေါင်း ၂,၁၅၆ဦး စာရင်းပေးရှိထားပြီး လက်ခံဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လက်ခံသွားမည်ဖြစ်။**
- **ကျောင်းများကို ဗုံးခွဲတိုက်ခိုက်ခြင်းသည် ကမ္ဘာပေါ်တွင် မည်သို့မျှလက်မခံနိုင်သည့်၊ စစ်ရာဇဝတ်မှုမြောက် သည့် အကြမ်းဖက်လုပ်ရပ်များဖြစ်ကြောင်း၊ ယင်းလုပ်ရပ်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရှိ သံရုံးများအနေဖြင့် မျက်စိမှိတ်မနေကြရန် မိမိအနေဖြင့် ပြောကြားလို။**
- **အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် မြန်မာ့အကျိုးကိုမလိုလားသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံ များက မြှောက်ပင့်ပေးနေကြပြီး အလှူငွေပေးနေသည်များလည်းရှိ၊ ထိုသို့ဆောင်ရွက်နေသည်နှင့်အမျှ အပြစ်မဲ့ သူများ များစွာသေဆုံးနေဦးမည်ဖြစ်။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းပြောကြားချက်မှ ကောက်နုတ်ချက်




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက-

- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲဆန္ဒရှင်စာရင်းများကို စိစစ်သည့်အခါ မဲမသမာမှုဖြစ်စေသည့် မဲစာရင်း ၁၁.၃ သန်းကျော်၊ မဲဆန္ဒရှင်စုစုပေါင်း၏ ၂၉.၅၄ ရာခိုင်နှုန်းကိုတွေ့ရှိခဲ့ရသောကြောင့် ယခုကျင်းပမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများပြည့်စုံမှန်ကန်ရေးနှင့် ဖောင်းပွမှားယွင်းမှုမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

- သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် အခြေခံမဲဆန္ဒရှင်စာရင်းများပြုစုနိုင်ရေးအတွက် ပထမအဆင့်အနေနှင့် သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် ကောက်ယူပြုစုထားသည့် မြေပြင်လူဦးရေစာရင်းနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)ကို အခြေခံပြုစုထားသည့်စာရင်းများကို တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

- ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်တွင် ယနေ့အထိဆောင်ရွက်ပြီး ၂၀၀ မြို့နယ်၊ ဆောင်ရွက်ဆဲ ၁၀၄ မြို့နယ်နှင့် ဆောင်ရွက်ရန်ကျန် ၂၁ မြို့နယ်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရန်ကျန်သည့် မြို့နယ်များအနေဖြင့် ကယားပြည်နယ် ၂ မြို့နယ်၊ ချင်းပြည်နယ် ၇ မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ၈ မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ၄ မြို့နယ်တို့ဖြစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

- နိုင်ငံရေးပါတီများစစ်ဆေးခြင်းအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားသည့် တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီရှိပြီး ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီ ၇၄ ပါတီနှင့် တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်းတွင်သာစည်းရုံးမည့်ပါတီ ၁၈ ပါတီဖြစ်ပါကြောင်း၊ ၎င်းတို့အနက် တိုင်းရင်းသားပါတီ ၄၈ ပါတီ ပါရှိပါကြောင်း၊ ယင်းပါတီများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများအပါအဝင် တည်ဆဲဥပဒေများကို လိုက်နာရန်တာဝန်ရှိပါကြောင်း။

- နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၈ နှင့် နည်းဥပဒေ ၂၃ တို့တွင် “ပါတီတစ်ခု၏စာရင်းများကို စစ်ဆေး

ရန်လိုအပ်လျှင် ကော်မရှင်က စစ်ဆေးနိုင်သည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အားလည်း စစ်ဆေးစေနိုင်သည်။ ယင်းသို့ စစ်ဆေးရာတွင် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲသည် အစိုးရဌာန၊ အဖွဲ့အစည်းထံမှ အကူအညီရယူနိုင်သည်"ဟု ဖော်ပြထားပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနှင့် နိုင်ငံရေးပါတီများ၏စာရင်းများကို ယခင်က မစစ်ဆေးနိုင်ခဲ့ဘဲ ယခုအခါ စစ်ဆေးရန်လိုအပ်သည့်အတွက် ပါတီအားလုံးကို တစ်ပြေးညီစစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

- ထိုသို့စစ်ဆေးရာတွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ခေါင်းဆောင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့က ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် စစ်ဆေးခြင်းဖြစ်ပါကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနှင့် နိုင်ငံရေးပါတီများစစ်ဆေးခြင်းကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ နောက်ဆုံးပတ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ ယခုအခါ တစ်နှစ်နီးပါးကာလရှိခဲ့ပြီဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်းတွင် ၅၁ ပါတီကို စစ်ဆေးပြီးစီးခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်းတွင် ယခု ဇွန်လဒုတိယပတ်တွင် စစ်ဆေးပြီးစီးခဲ့သည့် ဖိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီအပါအဝင် ၃၄ ပါတီ စစ်ဆေးပြီးဖြစ်၍ ယနေ့ထိစစ်ဆေးပြီးပါတီပေါင်း ၈၅ ပါတီဖြစ်ပါကြောင်း၊ ယင်းတို့အနက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီကို ဖျက်သိမ်းခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် စစ်ဆေးရန်ကျန်သည့်ပါတီ ၈ ပါတီဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ လုပ်ငန်းစဉ် (၁) ပါလုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုနည်းတူ လုပ်ငန်းစဉ်(၅)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၈-၆-၂၀၂၂)**

- **၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲဆန္ဒရှင်စာရင်းများကို စိစစ်သည့်အခါ မဲမသမာမှုဖြစ်စေသည့် မဲစာရင်း ၁၁.၃ သန်းကျော်၊ မဲဆန္ဒရှင် စုစုပေါင်း၏ ၂၉.၅၄ ရာခိုင်နှုန်းကိုတွေ့ရှိခဲ့ရသောကြောင့် ယခုကျင်းပမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများပြည့်စုံမှန်ကန်ရေးနှင့် ဖောင်းပွမှားယွင်းမှုမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိ။**
- **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၈ နှင့် နည်းဥပဒေ ၂၃ တို့တွင် "ပါတီတစ်ခု၏ စာရင်းများကို စစ်ဆေးရန်လိုအပ်လျှင် ကော်မရှင်က စစ်ဆေးနိုင်သည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အားလည်း စစ်ဆေးစေနိုင်သည်။ ယင်းသို့ စစ်ဆေးရာတွင် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲသည် အစိုးရဌာန၊ အဖွဲ့အစည်းထံမှ အကူအညီရယူနိုင်သည်" ဟု ဖော်ပြထား။**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနှင့် နိုင်ငံရေးပါတီများ၏ စာရင်းများကို ယခင်က မစစ်ဆေးနိုင်ခဲ့ဘဲ ယခုအခါ စစ်ဆေးရန်လိုအပ်သည့်အတွက် ပါတီအားလုံး ကို တစ်ပြေးညီစစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်။**
- **၂၀၂၁ ခုနှစ်အတွင်းတွင် ၅၁ ပါတီကို စစ်ဆေးပြီးစီးခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်းတွင် ယခု ဇွန်လဒုတိယပတ်တွင် စစ်ဆေးပြီးစီးခဲ့သည့် ဖိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီအပါအဝင် ၃၄ ပါတီစစ်ဆေးပြီးဖြစ်၍ ယနေ့ထိ စစ်ဆေးပြီးပါတီပေါင်း ၈၅ ပါတီ ဖြစ်၊ ယင်းတို့အနက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီကို ဖျက်သိမ်းခဲ့ပြီးဖြစ်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော ရွေးကောက်ပွဲဆိုင်ရာ PowerPoint Slides များ**

## နိုင်ငံရေးပါတီများ

| | |
|---|---|
| တည်ဆဲ နိုင်ငံရေးပါတီ | ၉၂ ပါတီ |
| ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ | ၇၄ ပါတီ |
| တိုင်းဒေသကြီး / ပြည်နယ်အတွင်း စည်းရုံးမည့်ပါတီ | ၁၈ ပါတီ |
| တိုင်းရင်းသားပါတီ | ၄၈ ပါတီ |

13

## မှားယွင်းပြီး မဲမသမာမှုဖြစ်စေသော မဲဆန္ဒရှင်စာရင်းများ

| | | | |
|---|---|---|---|
| ( ၁ ) | စိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူဦးရေ | - | ၄၈၆၉၄၂၇ |
| ( ၂ ) | နိုင်/ကတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၂ ကြိမ်ပါဝင်နေသူ | - | ၃၅၉၆၂၀၆ |
| ( ၃ ) | နိုင်/ကတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်အထက်ပါဝင်နေသူ | - | ၂၉၅၄၀၅ |
| ( ၄ ) | အသက် ၁၀၀ နှစ် အထက် မဲစာရင်းတွင် ပါဝင်နေသူ | - | ၂၀၅၆၆ |
| ( ၅ ) | အသက် ၁၈ နှစ်အောက် မဲစာရင်းတွင်ပါဝင်နေသူ | - | ၁၄၄၁၂ |
| ( ၆ ) | တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်များကို Cross Check ပြုလုပ်ခြင်းအရ ထပ်နေသော မဲဆန္ဒရှင်စာရင်း | - | ၁၀၉၁၇၇၆ |
| ( ၇ ) | တိုင်းဒေသကြီး/ပြည်နယ် တစ်ခုနှင့်တစ်ခုအကြား Cross Check ပြုလုပ်ခြင်းအရ ထပ်နေသော မဲဆန္ဒရှင်စာရင်း | - | ၁၄၁၇၅၉၈ |
| | **စိစစ်တွေ့ရှိသည့်မဲဆန္ဒရှင်စုစုပေါင်း** | - | **၁၁၃၀၅၃၉၀** |
| | | | **(၂၉.၅၄ %)** |

7

## နိုင်ငံရေးပါတီများစစ်ဆေးခြင်း

- ပါတီဖွဲ့စည်းပုံနှင့် အင်အားများစစ်ဆေးခြင်း၊ ( ဥပဒေပုဒ်မ ၁၁ )
- ပါတီဝင်ကြေး ၊ လစဉ်ကြေး ၊ ပြည်တွင်းအလှူရှင်များက လှူဒါန်းသော ငွေကြေးနှင့် ပစ္စည်းစာရင်း ၊ ပါတီပိုင်စီးပွားရေးလုပ်ငန်းများစစ်ဆေးခြင်း၊ ( ဥပဒေပုဒ်မ ၁၅ )
- ပါတီဖွဲ့စည်းပုံစည်းမျဉ်းနဲ့အညီ ဆောင်ရွက်ခြင်း ရှိ / မရှိ စစ်ဆေးခြင်း၊ ( ဥပဒေပုဒ်မ ၁၆ )
- ပါတီပိုင် ရန်ပုံငွေများ ၊ ပါတီပိုင် ပစ္စည်းများနှင့်ပတ်သက်သည့် စာရင်းဇယားများ ၊ မှတ်တမ်းစာအုပ်များ စနစ်တကျပြုစုထိန်းသိမ်းထားခြင်း ရှိ / မရှိ စစ်ဆေးခြင်း ၊ ( နည်းဥပဒေ ၁၉ )
- ပါတီကိုယ်စားပြုပြီး ရွေးကောက်ခံသော ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲအသုံးစရိတ်စာရင်းများ စနစ်တကျပြုစုထားခြင်း ရှိ / မရှိ စစ်ဆေးခြင်း၊ ( နည်းဥပဒေ ၂၀ )
- ပါတီ၏ နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲခြင်း ၊ ပါတီပိုင်ပစ္စည်းများ နှင့်စပ်လျဉ်း၍ နှစ်ချုပ်စာရင်းပြုစုခြင်း ၊ ပါတီတွင်း စာရင်းစစ်ကော်မတီ ထားရှိစစ်ဆေးခြင်း ၊ ပါတီစည်းမျဉ်းနှင့်အညီ အတည်ပြုချက် ရယူခြင်းတို့ ဆောင်ရွက်ခြင်း ရှိ / မရှိ စစ်ဆေးခြင်း၊ ( ဥပဒေပုဒ်မ ၁၇ ၊ နည်းဥပဒေ ၂၂ )
- လိုအပ်သော စာရင်း ၊ ဇယားများ စစ်ဆေးခြင်း ။

17

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှ အမေးအဖြေကောက်နုတ်ချက်များ



**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေးက** UEC ၏ စိစစ်ဆေးခြင်းကို မခံယူသည့် ပါတီများအနက် အစစ်ဆေးခံရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ဆက်သွယ်လာသည့် ပါတီမည်မျှရှိသည်ကို သိလိုကြောင်း၊ အစစ်ဆေးမခံသည့်ပါတီများကို လာမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြု/မပြုကို သိလိုကြောင်း မေးမြန်းချက်ကို-



**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** နိုင်ငံရေးပါတီ ၉၂ ပါတီအနက် စစ်ဆေးရန်အတွက် ပါတီ ၈ ပါတီကျန်ရှိနေသေးကြောင်း၊ အချို့ပါတီများမှာ အစစ်ဆေးခံရန်အတွက် အဆင်သင့်မဖြစ်သေးသောကြောင့် ဖြစ်ပြီး တချို့မှာ နယ်မြေလုံခြုံရေးအခြေအနေအရဖြစ်ကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေကြသူများလည်းရှိကြောင်း၊ ထို့ကြောင့် စစ်ဆေးရန်ကျန်ရှိနေခြင်းဖြစ်ကြောင်း၊ ထိုပါတီများကို စစ်ဆေးနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။
- အဆိုပါပါတီများ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရ/မရ ဆိုသည့်အခြေအနေမှာ ရွေးကောက်ပွဲနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိကြောင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကိစ္စနှင့် ပါတီစစ်ဆေးသည့်ကိစ္စမှာ တိုက်ရိုက်ဆက်စပ်မှုမရှိကြောင်း၊ သို့သော် ထိုပါတီများ အနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်အချိန်တွင် ဖြစ်ပေါ်နေသည့်ပါတီ၏ အခြေအနေအပေါ်တွင်မူတည်ကြောင်း၊ ပါတီတစ်ခုအနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်အချိန်တွင် ပါတီဖျက်သိမ်းခြင်းခံထားရပါက၊ ယာယီရပ်ဆိုင်းခြင်းခံထားရပါက ဝင်ရောက်ယှဉ်ပြိုင်၍မရကြောင်း၊ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိပါကလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်မဟုတ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

**People Media မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦးက** NUG၊ CRPH၊ PDF နှင့်ပတ်သက်မှုမရှိဟု လက်မှတ်ရေးထိုးထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်ထောင်စုအဆင့်လွှတ်တော်ကိုယ်စားလှယ်အရေအတွက် မည်မျှရှိသည်ကိုသိလိုကြောင်း မေးမြန်းချက်ကို-

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** အဆိုပါလွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးသည့်ကိစ္စမှာ မိမိတို့ UEC က ဆောင်ရွက်သည့်ကိစ္စမဟုတ်ကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်



**People Media မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦး**

အစိုးရများနှင့် ဆောင်ရွက်သည့်ကိစ္စဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်သည့် စာရင်းဇယားများ UEC တွင် မရှိကြောင်း ပြန်လည်ဖြေကြားခဲ့။

**နေပြည်တော်အွန်လိုင်းသတင်းဌာနမှ အယ်ဒီတာချုပ် ဦးမင်းမောင်က** NUG အစိုးရဟုခေါ်သည့်အဖွဲ့မှ ဒူဝါးလရှီးဝါးက ယခုလာမည့်ရွေးကောက်ပွဲကို မဲပေးနိုင်ခြင်းမရှိစေရေးနှင့် မအောင်မြင်စေရေးတို့အတွက် ၎င်းတို့အနေဖြင့် လမ်းကြောင်း ၂ ကြောင်းဖြင့် ဆောင်ရွက်လျက်ရှိသည်ဟု ထုတ်ပြန်ကြေညာထားသည်ကို တွေ့ရကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် မည်ကဲ့သို့ မှတ်ချက်ပေးလိုသည်ကို သိလိုကြောင်း မေးမြန်းချက်ကို-



**နေပြည်တော်အွန်လိုင်းသတင်းဌာနမှ အယ်ဒီတာချုပ် ဦးမင်းမောင်**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ထိုကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် ပါဝင်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကို ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ကျင်းပနိုင်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း။
- လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရန်အတွက် မဲဆန္ဒရှင်ပြည်သူများသည် ၎င်းတို့၏ ဆန္ဒမဲများကို နှောင့်ယှက်မှုများ၊ ဖိအားပေးမှုများ၊ ခြိမ်းခြောက်မှုများ၊ အကြပ်ကိုင်မှုများမပါဝင်ဘဲ လွတ်လပ်စွာဖြင့် ၎င်းတို့၏ဆန္ဒအတိုင်း မဲပေးနိုင်ခွင့်ရရှိရန်လိုအပ်ကြောင်း၊ ထိုသို့ရရှိနိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရန်လိုကြောင်း၊ အဆိုပါအခြေအနေမျိုး ရရှိနိုင်ရန်အတွက် မိမိတို့အနေဖြင့်လည်း သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

**Cohesion News Agency မှ သတင်းထောက် ဦးရဲလင်းထွန်းက** ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲကျင်းပရာတွင် ယခင်ရွေးကောက်ပွဲကာလများကဲ့သို့ ပညာအရည်အချင်းကန့်သတ်ထားခြင်း ရှိ/မရှိ သိလိုကြောင်းနှင့် ဥစ္စာခံ Background သတ်မှတ်ထားခြင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းချက်ကို-



**Cohesion News Agency မှ သတင်းထောက် ဦးရဲလင်းထွန်း**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** လွှတ်တော်ကိုယ်စားလှယ်များသည် အချုပ်အခြာအာဏာသုံးရပ်တွင်ပါရှိသည့် ဥပဒေပြုရေးမဏ္ဍိုင်အတွက် အဓိကတာဝန်ထမ်းဆောင်ကြရသူများဖြစ်ပြီး အရေးပါသူများဖြစ်ကြသောကြောင့် ၎င်းတို့၏အရည်အချင်းနှင့် စွမ်းဆောင်ရည်မြင့်မားရန် လိုအပ်ကြောင်း၊ ပြည်ထောင်စု

ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြီးခဲ့သည့် လွှတ်တော်သက်တမ်းနှင့် နိုင်ငံရေးပါတီများကို သွားရောက်စစ်ဆေးပြီးစီးခဲ့သည့်အခြေအနေများကို သုံးသပ်၍ ကိုယ်စားလှယ်လောင်း၏ပညာအရည်အချင်းကို သတ်မှတ်သင့်သည့်အတိုင်းအတာတစ်ခုသတ်မှတ်နိုင်ရန်အတွက် ဥပဒေတွင်လျာထား၍ဆောင်ရွက်လျက်ရှိကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးပါက သိရှိနိုင်မည်ဖြစ်ကြောင်း။

- အလားတူ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ပိုင်ဆိုင်မှု၊ ပစ္စည်း၊ ဥစ္စာ၊ စီးပွားရေးတို့နှင့်ပတ်သက်၍ ကန့်သတ်ရန်မရှိကြောင်း၊ သို့သော်ပါတီများကို စစ်ဆေးသည့်အနေအထားအရ သက်ဆိုင်ရာပါတီများအနေဖြင့် ပါတီတစ်ခုချင်းအလိုက် ရှိသင့်သည့် ပိုင်ဆိုင်မှုအဖြစ် ပါတီ၏ဘဏ္ဍာငွေရှိရန်လိုအပ်သည့်အတွက် ထိုကိစ္စကိုလည်း လျာထားဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့။

**People Media မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦးက** ဖြိုးဖေယျာသော်အပါအဝင် ကိုဂျင်မီတို့ကို သေဒဏ်ချမှတ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာက နိုင်ငံတော်အစိုးရဆီသို့ သက်ညှာပေးရန် စာများရေးသားပေးပို့သည်ဟု သိရကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့သဘောထားများရှိသည်ကိုသိလိုပါကြောင်း၊ ယခင်အစိုးရလက်ထက်က ရန်ကုန်မြို့သစ်စီမံကိန်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် မည်သို့လုပ်ဆောင်သွားမည်ကို သိလိုပါကြောင်း မေးမြန်းချက်ကို-



People Media မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦး

- **ဗိုလ်ချုပ်ဇော်မင်းထွန်းက** တချို့ကိစ္စများသည် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတိုင်းသည်လည်း ဆောင်ရွက်ရသည့်အခြေအနေမျိုးရှိကြောင်း၊ ထိုပြစ်ဒဏ်နှင့်ပတ်သက်ပြီး နိုင်ငံတကာတွင် ပြစ်ဒဏ်မပေးသည့် နိုင်ငံရှိပြီး၊ ပြစ်ဒဏ်ပေးသည့် နိုင်ငံပေါင်း ၇၀၊ ၈၀ နီးပါးခန့်ရှိကြောင်း၊ သို့သော်ထိုပြစ်ဒဏ်မျိုးရှိသော်လည်း ဆိုင်းငံ့ထားပြီး လက်တလောတွင် ပြစ်ဒဏ်မပေးသည့် နိုင်ငံများလည်းရှိကြောင်း၊ ကမ္ဘာတွင် နိုင်ငံပေါင်းမည်မျှရှိသည်ကို စဉ်းစားကြည့်လျှင် ယင်းကဲ့သို့ ပြစ်ဒဏ်မျိုးချမှတ်နိုင်သည့် နိုင်ငံပေါင်း ရာနှင့်ချီရှိသည်ကိုသိနိုင်ကြောင်း။

- တရားဥပဒေစိုးမိုးရေးအရ လိုအပ်လျှင်လိုအပ်သလို လုပ်ဆောင်ရခြင်းဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးတွင် ၎င်းတို့ကို ရည်ညွှန်းခြင်းဆိုသည်ထက် မိမိတို့နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးကဏ္ဍ၌ နောင်တွင်အလားတူဖြစ်စဉ်မျိုးများ မလုပ်နိုင်အောင်၊ မလုပ်ရအောင်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ အားပေးအားမြှောက်မှုကြောင့် အပြစ်မဲ့ပြည်သူလူထု အနည်းဆုံး ၅၀ ကျော်သေဆုံးခဲ့ရကြောင်း။

- ယင်းကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံခြားဝန်ကြီးဌာနကလည်း သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ကြောင်း၊ အချုပ်အခြာအာဏာ၏ ပြယုဂ်ဖြစ်သည့်မဏ္ဍိုင်ကြီးများနှင့်ပတ်သက်ပြီး တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးမဏ္ဍိုင်များကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့လုပ်ဆောင်ရာတွင် လိုအပ်သည့်အချိန် လိုအပ်သလို လုပ်ဆောင်ရခြင်းဖြစ်ကြောင်း၊ မြို့သစ်စီမံကိန်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းအစိုးရအဖွဲ့အနေဖြင့် အဖွဲ့ဖွဲ့စည်းပြီး လေ့လာသုံးသပ်နေဆဲအခြေအနေသာရှိသေးကြောင်း ပြန်လည်ဖြေကြားခဲ့။

**သူရိယနေဝန်းသတင်းထောက် ဒေါ်သဇင်ဦးက** ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တက်မလာနိုင်သေးသည့် အဖွဲ့တချို့သည် စစ်တိုက်စားရသည့်အရသာကိုတွေ့ပြီး လက်နက်ချအလင်းဝင်ရန်မဆိုထားနှင့် မိမိဒေသတွင် ယခုထက်ပိုပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ပြဋ္ဌာန်းခွင့်များပိုမိုရရှိနိုင်သည်ကိုသိပါလျက်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တက်ရောက်မလာကြသေးကြောင်း၊ PDF အဖွဲ့အစည်းများကလည်း လက်နက်ကိုင်ပြီး အကြမ်းဖက်သည့်အရသာ၊ ဆက်ကြေးကောက်ရသည့်အရသာ၊ ဓားပြတိုက်ခြိမ်းခြောက်ရသည့် အရသာကိုကောင်းကောင်းကြီး တွေ့နေကြပြီဖြစ်ကြောင်း၊ PDF များက ကြာလာလျှင် ဓားပြဂိုဏ်းများဖြစ်လာနိုင်သည့်အတွက် PDF နှင့် အခြားအမည်ခံအဖွဲ့အမျိုးမျိုးကို လက်နက်အပ်နှံပြီး ပြည်သူ့ဘဝပြန်လည်ဝင်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အချိန်အတိုင်းအတာကန့်သတ်ချက်များရှိပါသလား၊ အချိန်အတိုင်းအတာကျော်လွန်သွားသည့် အချိန်ဖြစ်ပါက မည်သို့နှိမ်နင်းမှုမျိုးပြုလုပ်မည်လဲဆိုသည်ကို သိလိုပါကြောင်း မေးမြန်းချက်ကို-



**သူရိယနေ့ဝန်းသတင်းထောက် ဒေါ်သဇင်ဦး**

- **ဗိုလ်ချုပ်ဇော်မင်းထွန်းက** EAO အဖွဲ့များသည် နှစ်ပေါင်းများစွာက ပေါ်ပေါက်ခဲ့သည့်အဖွဲ့ရှိသလို၊ ၂၀၁၇ ခုနှစ်မှ ပေါ်ပေါက်လာသည့်အဖွဲ့များရှိကြောင်း၊ တော်တော်များများက ၎င်းတို့၏ တိုင်းရင်းသားလူမျိုးများအရေး၊ ၎င်းတို့ဒေသအရေးကို တောင်းဆိုရင်း EAO ဖြစ်လာသည့်အဖွဲ့များလည်းရှိကြောင်း၊ အခြားအကြောင်း အမျိုးမျိုးကြောင့် ဖြစ်လာသည့် EAO များလည်း ရှိကြောင်း၊ EAO အဖွဲ့များ၏ လက်နက်ကိုင်ဆောင်ရွက်နေခြင်းသည် ထိုအရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။
- PDF အဖွဲ့များ၏ လက်နက်ကိုင်ဆောင်ရွက်နေခြင်းသည် ၎င်းတို့နှင့်တစ်ခြားစီဖြစ်နေကြောင်း၊ မိမိတို့ ပြောခဲ့သည့် မဲမသမာမှုကြောင့်ဖြစ်သည့်အတွက် မဲမသမာမှုများရှင်းလင်းပေးရန် အကြိမ်ကြိမ်အချိန်များစွာ တောင်းဆိုခဲ့ကြောင်း၊ လူသိရှင်ကြားပြောခဲ့ကြောင်း၊ ယင်းကိစ္စများကို လုပ်ဆောင်ခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်သွားသည့် လူများက လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ EAO များက ရည်မှန်းတိုက်ခိုက်ခြင်းသည် အစိုးရကို တိုက်ခိုက်ခြင်းဖြစ်ပြီး၊ ၎င်းတို့၏ ဒေသအကျိုးနှင့်ပတ်သက်ပြီး အစိုးရကို တောင်းဆိုရာတွင်မရသည့်အတွက် အစိုးရကိုတိုက်ခိုက်ခြင်းဖြစ်ကြောင်း။
- PDF များ၏ လှုပ်ရှားမှုသည် EAO များနှင့် မတူဘဲ အစိုးရကို တိုက်ခိုက်ခြင်းထက် ပြည်သူလူထုကို ဒလန်ဟု စွပ်စွဲပြီး သတ်ဖြတ်ခြင်းဖြစ်ကြောင်း၊ သတ်ဖြတ်ခြင်းခံရသည့်လူသည် ဒလန်ဟုတ်/မဟုတ် မသိဘဲ မကျေနပ်သည့်အတွက် သတ်ကြောင်း၊ NLD ပါတီအဖွဲ့ဝင် အချင်းချင်းသာမက ယခင်က ၎င်းတို့ကိုအားပေးနေသည့် အချင်းချင်းကိုပင် သတ်ဖြတ်ကြကြောင်း၊ ၎င်းအပြင် ဘုန်းကြီးများကိုလည်း သတ်ဖြတ်ကြကြောင်း၊ စာသင်ကျောင်းများတိုက်ခိုက်ကြောင်း၊ ယခင် ကိုဗစ်ကာလဖြစ်ချိန်တွင် ဆေးရုံများကို တိုက်ခိုက်ကြောင်း။
- မည်သည့် EAO အဖွဲ့မှ ထိုသို့မလုပ်ကြောင်း၊ PDF များက ပြည်သူလူထုပိုင်သည့်အဆောက်အဦများနှင့် ပြည်သူလူထုကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ စာသင်ကျောင်းများ၊ ဆရာ၊ ဆရာမများကို တိုက်ခိုက်ပြီး သတ်ဖြတ်ကြောင်း၊ PDF အဖွဲ့များထဲတွင် ရောက်နေသည့်လူများကို ၎င်းတို့လုပ်ရပ်မှန်/မမှန် သိစေလိုကြောင်း၊ PDF ၊ NUG ၊ CRPH အမည်ခံအဖွဲ့များနှင့် ဆွေးနွေးခြင်းမဟုတ်ကြောင်း၊ ထိုအထဲတွင် လမ်းမှားရောက်နေသည့်သူများ၊ မသိလိုက်မသိဖာသာ ကျူးလွန်နေသူများကို မိမိတို့ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း။
- ယနေ့ဆိုလျှင် PDF ထဲမှ ၃၈ ဦးဝင်ရောက်လာပြီး ကျန်သည့်သူများ၊ PDF ထဲ ရောက်နေသည့်သူများလည်း ဝင်ရောက်လာရန် ဆက်သွယ်နေခြင်းများလည်းရှိကြောင်း၊ ၎င်းအဖွဲ့များကို အားပေးအားမြှောက်လုပ်နေသည့် တချို့သော EAO အဖွဲ့အစည်းများရှိကြောင်း၊ ယင်း EAO အဖွဲ့အစည်းများထဲ၌ ထိုအဖွဲ့အစည်းများနှင့်ပတ်သက်ပြီး သဘောထားကွဲလွဲမှုများရှိကြောင်း။
- မိမိတို့အနေဖြင့် တောင်းဆိုမှုများရှိသည့်အတွက် တတ်နိုင်သမျှဝင်ရောက်လာနိုင်သည့် အချိန်ထိလက်ခံသွားမည်ဖြစ်ကြောင်း၊ အချို့မှာ အလင်းဝင်ချင်သော်လည်း ခြိမ်းခြောက်မှုများခံရကြောင်း၊ နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများကလည်း တတ်နိုင်သမျှ အတတ်နိုင်ဆုံး လျှို့ဝှက်ဆုံး၊ လုံခြုံမှုရှိဆုံးဖြစ်ရန် အစွမ်းကုန်ကူညီဆောင်ရွက်ပေးသွားမည်ဟု မိမိပြောလိုကြောင်း ပြန်လည်ဖြေကြားခဲ့။

**Weekly Eleven မီဒီယာမှ အယ်ဒီတာချုပ် ဒေါက်တာမင်းလွင်က** ရန်ကုန်တိုင်းဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်း၏ အဂတိလိုက်စားမှုများထဲတွင် YBS ကိစ္စဆိုလျှင် ၎င်းအောက်က ဝန်ကြီးများနှင့် ဝန်ထမ်းများ အရေးယူခံရကြောင်း၊ တာဝန်ရှိဆုံးဖြစ်သည့် ၎င်းကို အရေးယူခံရသည်ကို မတွေ့ရကြောင်း၊ ယခင်က ဦးဖြိုးမင်းသိန်းကြောင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှုခန့်မှန်းတွက်ချက်မှုအရဆိုလျှင် ကျပ်ဘီလီယံထောင်ချီရှိနိုင်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့အပေါ်စွဲဆိုထားမှုအရဆိုလျှင် အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှုတန်ဖိုးသည် ကျပ်ငွေလေးဘီလီယံကျော်ခန့်သာရှိကြောင်း၊ NLD အစိုးရလက်ထက်က အဖွဲ့ဝင်များထဲတွင် ဦးဖြိုးမင်းသိန်းကြောင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှုတန်ဖိုးက အများဆုံးဖြစ်ပြီး အရေးယူသည့်အခါ ၎င်းသည်ကွက်ကျန်နေ

ခဲ့ပြီး ကျန်ရှိသည့်သူများကို အရေးယူသည်ကို Political Motivated ဖြစ်နေမလားဟု မေးခွန်းထုတ်လိုကြောင်း၊ ဦးဖြိုးမင်းသိန်းသည် ဝန်ကြီးချုပ်မဖြစ်ခင်က မောင်ထော်လေးလမ်းက တိုက်ခန်း၌နေကြောင်း၊ ၎င်း၏ အမျိုးသမီးသည် ရွှေဆိုင်ခပ်သေးသေးသာပိုင်ကြောင်း၊ ၎င်းဝန်ကြီးချုပ်ဖြစ်လာပြီးနောက် ဒေါ်အောင်ဆန်းစုကြည်ကို ရွှေ ၇ ပိဿာနှင့် ဒေါ်လာ ၆ သိန်းဖိုးခန့်အထိ ပေးနိုင်လောက်အောင် ချမ်းသာသွားခဲ့ကြောင်း၊ ၎င်း၏ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများရှိလားသိလိုကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ဦးဖြိုးမင်းသိန်းနှင့်ပတ်သက်သည့် အဂတိလိုက်စားမှုဖြစ်နိုင်ချေများအားလုံးကို အချိန်အကန့်အသတ်နှင့် စုံစမ်းစစ်ဆေးရန်အစီအစဉ် ရှိ/မရှိနှင့် စုံစမ်းစစ်ဆေးမှုလုပ်မည်ဆိုလျှင် ပွင့်လင်းမြင်သာစွာထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်း မေးမြန်းချက်ကို-



Weekly Eleven မီဒီယာမှ အယ်ဒီတာချုပ် ဒေါက်တာမင်းလွင်

- **ဗိုလ်ချုပ်ဇော်မင်းထွန်းက** တချို့သောအမှုကိစ္စများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေနှင့် စစ်ဆေးမှုများလည်းရှိကြောင်း၊ စစ်ဆေးရာတွင် မူလကိစ္စကို စစ်ဆေးခြင်းနှင့်ဆက်စပ်မှုများကို စစ်ဆေးခြင်းလည်း ရှိကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေနှင့် တွေ့ရှိမှုများ၊ ရရှိချက်များတွင် မည်သည့်အကြောင်းအရာကိုမျှ ကွယ်ဝှက်ထားစရာအကြောင်းလည်းမရှိပါကြောင်း။
- နိုင်ငံတော်အစိုးရအနေနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ တင်ပြချက်များ၊ တွေ့ရှိချက်များအပေါ်တွင်မူတည်၍ တရားမျှတစွာဆုံးဖြတ်သွားလိမ့်မည်ဟုသာပြောလိုကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ဖြည့်စွက်ဖြေကြားပေးစေလိုကြောင်း ပြန်လည်ဖြေကြားခဲ့။
- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက** အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည့်ရည်ရွယ်ချက်သည် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး Convention တွင်ပါသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ အစိုးရအဆက်ဆက်ကော်မရှင်က သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်စေရန်ဦးတည်၍ ဆောင်ရွက်လျက်ရှိကြောင်း။
- မည်သူ့ကိုမျှ ပုဂ္ဂိုလ်ရေးအရ အပြေးထားပြီး ဆောင်ရွက်ခြင်းမရှိပါကြောင်း၊ ပေးပို့သည့်တိုင်ကြားစာပေါ်တွင်မူတည်ပြီး တိုင်ကြားစာအရ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ပြီးစစ်ဆေးပါကြောင်း၊ စစ်ပြီးစစ်ဆေးပေါ်ပေါက်ချက်အရ တရားစွဲတင်သည့် ကိစ္စရပ်များဆောင်ရွက်ပါကြောင်း၊ ယခင်ကလည်း ယင်းစနစ်အတိုင်းဖြစ်ပြီး နောင်တွင်လည်း ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့။

**Top Phoenix Agency မှ အကြီးတန်းသတင်းထောက် ဦးသိန်းဝင်းဦး ကလောင်(ရေဦးသာ)က** နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့်ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ပေးသည့်အတွက် ပြည်သူလူထုက ဂုဏ်ယူဝမ်းသာပီတိဖြစ်နေသည်ဟု ဦးစွာပထမပြောလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထောက်ပံ့ပေးသည့် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဆက်စပ်ပစ္စည်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်များရှိ အချို့သော အခြေခံပညာမူလတန်းကျောင်းများတွင် လုံလုံလောက်လောက်မရရှိသေးကြောင်း၊ ထိုကဲ့သို့ လုံလုံလောက်လောက်မရရှိသည့်အပေါ်တွင် နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းချက်ကို-



Top Phoenix Agency မှ အကြီးတန်းသတင်းထောက်
ဦးသိန်းဝင်းဦး ကလောင်(ရေဦးသာ)

- **ဗိုလ်ချုပ်ဇော်မင်းထွန်းက** မိမိတို့အနေဖြင့် ကျောင်းသုံးပုံနှိပ်စာအုပ်များကို အခမဲ့ဖြန့်ဝေပေးကြောင်း၊ ပထမဦးဆုံး လျာထားသည်မှာ ယခင်နှစ်ကျောင်းတက်သည့် အင်အားကိုသာလျာထားခြင်းဖြစ်ကြောင်း၊ ယခင်နှစ်က ကျောင်းတက်သည့်အင်အားနှင့် တန်းစဉ်ကူးပြောင်းလာသည့်အင်အားမည်မျှရောက်လာမည်၊ မည်မျှရိုက်သင့်သည်ဆိုသည့် အပြင် ရိုက်သင့်သည်ထက် ပိုမိုရိုက်နှိပ်ထားကြောင်း။
- ယင်းသို့ ရိုက်နှိပ်သည့်အချိန်တွင် အမှန်တကယ်တက်လာသည်နှင့် စာရင်းကွာဟမှုရှိနိုင်ကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းသုံးစာအုပ်များ ပို့သည့်အချိန်တွင် တချို့ခရိုင်များ၌ အခက်အခဲများရှိကြောင်း၊ မီးရှို့ဖျက်ဆီးခံရသည်များရှိကြောင်း၊ ကျောင်းသုံးစာအုပ်များကို လုယူသွားသည်များရှိကြောင်း၊ ယခုအချိန်အထိ မပို့နိုင်သေးသည့်ခရိုင်များရှိကြောင်း၊ နီးစပ်ရာခရိုင်များတွင် စုပုံထားရကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက တချို့ခရိုင်များသို့ မပို့ပေးနိုင်သေးကြောင်း၊ ကြိုးစားပြီးပေးပို့သော်လည်း မိမိတို့ ၃ ကြိမ်ပို့လျှင် ၃ ကြိမ်စလုံး မီးရှို့ခံရကြောင်း၊ ရေကြောင်းက ပို့သော်လည်း စာအုပ်များဖျက်ဆီးခံရကြောင်း၊ စာအုပ်များပါသွားသဖြင့် စက်လှေပိုင်ရှင်နှင့် ပို့ပေးသည့်ပိုင်ရှင်များက PDF များအား ပိုက်ဆံ ၁၀ သိန်းပေးပြီး ပြန်ရွေးခဲ့ရသည့် အဖြစ်အပျက်လည်းရှိခဲ့ကြောင်း။
- ထိုကိစ္စများသည် မြေပြင်တွင် အမှန်တကယ်ဖြစ်နေသည့် အခက်အခဲဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရိုက်နှိပ်ထားပြီးဖြစ်သည့်အတွက် ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း၊ အခက်ခဲရှိလာလျှင် ယခုလိုပြောစေလိုကြောင်း တင်ပြလာသည့်ကိစ္စအပေါ်တွင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်း၊ အသေးစိတ်ကို ပညာရေးဝန်ကြီးဌာနက ဆက်လက်ဖြေကြားပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့။
- **ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက** မိမိတို့ အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် တက်ရောက်ကြသည့် ကလေးများအားလုံးအတွက် ပုံနှိပ်စာအုပ်အားလုံးကို ပြည့်ပြည့်စုံစုံရိုက်နှိပ်ပြီးဖြစ်ကြောင်း၊ ပိုမိုပြီးရိုက်နှိပ်ထားသည်များလည်းရှိကြောင်း၊ မြို့နယ်များတွင်ရှိသည့် ကျောင်းများသို့ ဖြန့်ဝေသည့် အချိန်တွင် ယခင်နှစ်ကရှိသည့် ကျောင်းသားအင်အားစာရင်းဖြင့် ဖြန့်ဝေထားပြီး နောက်ထပ် ၁၀ ရာခိုင်နှုန်းခန့်ထပ်ဆောင်း၍ ဝေမျှထားပြီးဖြစ်ကြောင်း။
- သို့သော် ယခင်နှစ်က ကျောင်းမတက်ခဲ့သည့် ကလေးများ၊ ထပ်မံတက်ရောက်လာသည့်ကလေးများနှင့် အခြားဒေသမှ ပြောင်းရွှေ့ရောက်ရှိလာသည့် ကလေးများကြောင့် တချို့နေရာတွင် ကျောင်းသားဦးရေအတော်များသွားကြောင်း၊ ထို့ကြောင့် လက်ရှိဝေထားသည့် ကျောင်းသုံးစာအုပ် မလုံလောက်သည့်အတွက် ထပ်မံဖြည့်ဆည်းပေးခဲ့ကြောင်း။
- ရန်ကုန်တိုင်းဒေသကြီးတွင် ယခင်နှစ်ကကျောင်းတက်သည့် ကလေး ၅၈၀,၀၀၀ ကျော်သာရှိပြီး ယခုနှစ်တွင် ၉၃၀,၀၀၀ ကျော်ဖြစ်လာသဖြင့် မိမိတို့အနေဖြင့် အမြန်ဆုံးထပ်မံဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ကျောင်းသားအားလုံး ပုံနှိပ်စာအုပ်ရကြမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

**Golden Hand သတင်းဌာနမှ ထုတ်ဝေသူ ဦးလှဆွေက** သမ္မတကြီးဦးသိန်းစိန်လက်ထက်တွင် သာသနာရေးဝန်ကြီး ဦးဆန်းဆင့်က ရက်ကန်းစင်တောင်၌ ဘုရားတည်ရာတွင် ၎င်းပုဂ္ဂလိကဆန္ဒဖြင့် ၎င်းကိုယ်ပိုင်ပူဇော်လို၍ ဘုရားတည်ခြင်းဖြစ်ကြောင်း၊ သို့သော် အသုံးပြုသည့်အခါတွင် နိုင်ငံတော်ပိုင်ကားနှင့် နိုင်ငံတော်ပိုင် စက်သုံးဆီကို အသုံးပြုခဲ့ကြောင်း၊ စုစုပေါင်း ငွေကျပ် ၇၃ သိန်း အသုံးပြုခဲ့သည့်အတွက် နိုင်ငံတော်ဘဏ္ဍာကို အသုံးပြုခဲ့သည်ဟု စစ်ဆေးပေါ်ပေါက်ခဲ့ပြီး အဂတိလိုက်စားမှုဖြစ်သည့်အတွက်ကြောင့် အရေးယူထောင်ချခြင်းခံခဲ့ရကြောင်း၊ NLD အစိုးရလက်ထက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် ၎င်းမိတ်ဆွေတစ်ဦး၏ဇနီး ကျန်းမာရေးမကောင်းသဖြင့် ထိုအမျိုးသမီးဆေးရုံတက်ရောက်ကုသနေသည့် ထိုင်းနိုင်ငံသို့ လေယာဉ်ပျံစင်းလုံးငှားပြီး အသွား/အပြန်သွားခဲ့ကြောင်း၊ ယင်းခရီးစဉ်အတွက် နိုင်ငံတော်ဘဏ္ဍာမှ ကုန်ကျခဲ့ခြင်း ရှိ/မရှိ၊ ၎င်းရရှိခဲ့သော နိုဘယ်ဆုကြေးမှ ကုန်ကျခဲ့ခြင်းရှိ/မရှိ၊ အကယ်၍ နိုင်ငံတော်ဘဏ္ဍာငွေမှ အသုံးပြုခဲ့လျှင် အဂတိလိုက်စားမှုမြောက်ခြင်း ရှိ/မရှိ၊ အဂတိလိုက်စားမှုသည် တိုင်ကြားမှသာလျှင် ပြစ်မှုမြောက်/ မမြောက်သိလိုကြောင်း၊ မတိုင်ကြားဘဲနှင့်လည်း ကျော်ဇောမှုဖြင့် အဂတိလိုက်စားမှုကို တရားစွဲလို့ရသည်ဟု ယခင်အစိုးရလက်ထက်က ဦးအောင်ကြည်ပြောခဲ့သည်ကို မိမိကြားခဲ့ဖူးကြောင်း၊ ထို့ကြောင့် ဤအကြောင်းအရာသည် အဂတိလိုက်စားမှု မြောက်/မမြောက်ကို ဖြေကြားပေးစေလိုကြောင်း မေးမြန်းချက်ကို–

- **ဗိုလ်ချုပ်ဇော်မင်းထွန်းက** ဒေါ်အောင်ဆန်းစုကြည်သည် ဘန်ကောက်တွင် ဆေးရုံတက်ရောက်ကုသနေသော အမျိုးသမီးထံသို့ MAI လေယာဉ်ဖြင့် စင်းလုံးငှားသွားရောက်ခဲ့သည်မှာ မှန်ကန်ကြောင်း၊ မည်သည့်နေရာမှ ကုန်ကျခဲ့သည်ကို အထောက်အထားနှင့် သုံးစွဲမှုဖြစ်စဉ်များကို အသေးစိတ်စစ်ဆေးသုံးသပ်ပြီးပါက အဂတိလိုက်စားမှုကျူးလွန်ခြင်း ရှိ/မရှိကို သိရမည်ဖြစ်ကြောင်း၊ ထိုအချက်နှင့်ပတ်သက်၍ မှတ်သားပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။



**Golden Hand သတင်းဌာနမှ ထုတ်ဝေသူ ဦးလှဆွေ**

- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ တာဝန်ရှိသူတစ်ဦးက ပြဋ္ဌာန်းဥပဒေပုဒ်မ ၃(က)တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်များစွာရှိကြောင်း၊ အဆိုပါအဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်အညီ စိစစ်သုံးသပ်မှုများ၊ အကြောင်းအရာများနှင့် အချက်အလက်များကိုချိန်ညှိ၍ သတင်းထောက်ကြီး မေးခွန်းပါအကြောင်းအရာသည် အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း အဂတိလိုက်စားမှုမြောက်/မမြောက်ကို စိစစ်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့။

**တဲ့ပြောသတင်းမီဒီယာအယ်ဒီတာချုပ် ဦးဇော်မင်းဦးက** မကြာသေးမီက မြန်မာနိုင်ငံဆိုင်ရာပြင်သစ်သံအမတ်ကြီးသည် ဖေယျာသော်နှင့် ဂျင်မီတို့၏ ပြစ်ဒဏ်ကို အတည်ပြုခြင်းနှင့်ပတ်သက်၍ရှုံ့ချခြင်း၊ တချို့သံအမတ်များက တရားမဝင်အစိုးရဟု သုံးနှုန်းခြင်းများရှိကြောင်း၊ ၎င်းတို့အနေဖြင့် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ပိုင်ခွင့်လည်းမရှိကြောင်း၊ မိမိကဲ့သို့ အေးချမ်းစွာနေထိုင်လိုသည့် မြန်မာနိုင်ငံသားအားလုံးကို စော်ကားရာရောက်ကြောင်း၊ နိုင်ငံအတွင်းရှိ သံရုံးများက သံတမန်များ/ သံအမတ်များကို ယခုကဲ့သို့ သတင်းစာရှင်းလင်းပွဲသို့ဖိတ်ပါက လေယာဉ်ဖြင့် ကြိုရမည်ဖြစ်သဖြင့် ခရီးကုန်ကျစရိတ်၊ စကားပြန်ငှားပေးရမည့် ကုန်ကျစရိတ်စသည်ဖြင့် များစွာ ကုန်ကျမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ကျစရိတ်မများစေရန်နှင့် ၎င်းတို့လည်းကြည့်ရှုသိရှိစေရန် ဗင်နီဇွဲလားနိုင်ငံကဲ့သို့ လုပ်ဆောင်စေလိုကြောင်း၊ ဗင်နီဇွဲလားနိုင်ငံ၏ လုပ်ဆောင်ပုံမှာ အမေရိကန်၊ ပြင်သစ်သံရုံးနှင့် ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်ရုံးများရှေ့တွင် LED Board များထောင်၍ နိုင်ငံအတွင်း နေ့စဉ်အဖြစ်အပျက်များကို Channel တစ်ခုအနေဖြင့် နေ့စဉ်ပြသခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း နေ့စဉ်ဖြစ်ပျက်နေသည့် PDF များ၏ အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်မှုကို နေ့စဉ်ပြသနေမည်ဆိုပါက ၎င်းတို့သံအမတ်များမကြည့်လျှင်ပင် ယင်းတို့၏နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာနက CCTV မှတစ်ဆင့် သိမြင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ LED Board များ ထောင်ရန်အစီအစဉ် ရှိ/မရှိကို သိလိုကြောင်း မေးမြန်းချက်နှင့် လွန်ခဲ့သောနှစ်များက BOC ကဲ့သို့ဆိုင်များတွင် ဝန်ထမ်းများကို စက်သုံးဆီထုတ်ပေးခြင်း၊ လက်ရှိဖြစ်ပေါ်နေသော ဈေးနှုန်းများနှင့်အညီ ဝယ်ယူသုံးစွဲနိုင်စေရန် လုံလောက်သောငွေကြေးများထုတ်ပေးခြင်းကဲ့သို့ အစီအစဉ်များရှိ/မရှိ မေးမြန်းချက်ကို–



**တဲ့ပြောသတင်းမီဒီယာအယ်ဒီတာချုပ် ဦးဇော်မင်းဦး**

- **ဗိုလ်ချုပ်ဇော်မင်းထွန်းက** သံတမန်များနှင့်ပတ်သက်၍ ၎င်းတို့သိလိုသည့် သတင်းဆိုပါကအကုန်သိရှိကြောင်း၊ ချောင်ကြိုချောင်ကြားသတင်းကအစသိရှိပြီး ထုတ်ပြန်လိုပါက ထုတ်ပြန်ကြောင်း၊ အညာဒေသရှိ မထင်မရှားမြို့က မထင်မရှားရွာတစ်ရွာ မီးလောင်သည်ကိုပင်သိရှိကြောင်း၊ သိချင်လျှင်အကုန်သိပြီး မသိချင်လျှင်မသိကြောင်း၊ မိမိတို့သတင်းစာရှင်းလင်းပွဲကိုလည်း အနည်းဆုံးအဆင့်သည် စောင့်ကြည့်ကြပြီး ၎င်းတို့အချင်းချင်းသာ အစီရင်ခံကြောင်း။
- နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့်လည်း သတင်းများနှင့်ပတ်သက်၍ ပေးပို့မှုများရှိကြောင်း၊ အကြမ်းဖက်မှုနှင့်ပတ်သက်သည့်သတင်းများကို သတင်းလွှာ Information Sheet တွင် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ထည့်သွင်းဖော်ပြလျက်ရှိပြီး မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများအားလုံး၊ ပြည်ပရှိ မြန်မာသံရုံးများအားလုံး၊ UN နှင့်ဆိုင်သော အဖွဲ့အစည်းများအားလုံးနှင့် နိုင်ငံတကာသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် မသိချင်ယောင်ဆောင်နေကြောင်း။
- စက်သုံးဆီကိစ္စနှင့်ပတ်သက်၍ ဝန်ထမ်းများသို့ ဆီမပေးဘဲ ငွေကိုသာပေးခြင်းသည် အဆိုပါဝန်ထမ်းများအတွက် နိုင်ငံခြားမှနေ၍ စက်သုံးဆီ သီးသန့်တင်သွင်းခြင်းမျိုးမရှိခြင်း

ကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့လုပ်ဆောင်နေရခြင်းသည် ဝန်နှင့်အားမမျှဟု ပြောဆိုနေခြင်းများကိုလည်း ကြားရကြောင်း၊ ယင်းအချက်နှင့်ပတ်သက်၍ အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

- **ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက** ပြင်သစ်သံအမတ်ကြီးနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ယခုလ ၆ ရက်နေ့မှစပြီး သတင်းထုတ်ပြန်ခဲ့ကြောင်း၊ ပြင်သစ်သံရုံးသို့လည်း ကန့်ကွက်စာပေးပို့ခဲ့ကြောင်း၊ ပြင်သစ်သံအမတ်ကြီးကိုလည်း ယခုလ ၉ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ခေါ်ယူ၍ အမြဲတမ်းအတွင်းဝန်ကိုယ်တိုင် ကန့်ကွက်ခဲ့ကြောင်း၊ အဆိုပါလုပ်ဆောင်မှုသည် သံတမန်ရေးရာ၌ အပြင်းထန်ဆုံးသတိပေးခြင်းမျိုးဖြစ်ကြောင်း။
- မိမိတို့နိုင်ငံတွင် ဖြစ်ပျက်မှုများကို သံရုံးများသာမက သက်ဆိုင်ရာနိုင်ငံများကပါ ကောင်းစွာသိရှိကြကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အခြေအနေကို ရှင်းလင်းပြောပြခြင်း၊ ဖြစ်စဉ်အမှန်များကိုအသိပေးခြင်း၊ မှန်ကန်မှုမရှိသည့်စွပ်စွဲချက်များ၊ အတည်ပြုချက်မရှိသည့် ကိန်းဂဏန်းများချဲ့ကားပြောဆိုမှုများအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းထောက်ပြအသိပေးခြင်းများရှိကြောင်း ဖြည့်စွက်ပြောကြားခဲ့ပါသည်။

သတင်းစာရှင်းလင်းပွဲအပြည့်အစုံအား Myawady Webportal (http://www.myawady.net.mmm)နှင့် (http://myanmar.gov.mm)တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

**(မြဝတီသတင်းစာ ၁၉-၆-၂၀၂၂)**

- **ပါတီတစ်ခုအနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်အချိန်တွင် ပါတီဖျက်သိမ်းခြင်းခံထားရပါက၊ ယာယီရပ်ဆိုင်းခြင်းခံထားရပါက ဝင်ရောက်ယှဉ်ပြိုင်၍မရ၊ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိပါကလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်မဟုတ်။**
- **လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရန်အတွက် မဲဆန္ဒရှင်ပြည်သူများသည် ၎င်းတို့၏ဆန္ဒမဲများကို နှောင့်ယှက်ကြိုးများ၊ ဖိအားပေးမှုများ၊ ခြိမ်းခြောက်မှုများ၊ အကြပ်ကိုင်မှုများမပါဝင်ဘဲ လွတ်လပ်စွာဖြင့် ၎င်းတို့၏ဆန္ဒအတိုင်း မဲပေးနိုင်ခွင့်ရရှိရန်လိုအပ်။**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြီးခဲ့သည့် လွှတ်တော်သက်တမ်းနှင့် နိုင်ငံရေးပါတီများကို သွားရောက်စစ်ဆေးပြီးစီးခဲ့သည့် အခြေအနေများကိုသုံးသပ်၍ ကိုယ်စားလှယ်လောင်း၏ ပညာအရည်အချင်းကို သတ်မှတ်သင့်သည့် အတိုင်းအတာတစ်ခုသတ်မှတ်နိုင်ရန်အတွက် ဥပဒေတွင်လျာထား၍ ဆောင်ရွက်လျက်ရှိ။**
- **မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်၊ အချုပ်အခြာအာဏာ၏ ပြယုဂ်ဖြစ်သည့်မဏ္ဍိုင်ကြီးများနှင့်ပတ်သက်ပြီး တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးမဏ္ဍိုင်များကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရှိ၊ နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့လုပ်ဆောင်ရာတွင် လိုအပ်သည့်အချိန် လိုအပ်သလိုလုပ်ဆောင်ရခြင်းဖြစ်။**
- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် မည်သူ့ကိုမျှ ပုဂ္ဂိုလ်ရေးအရ အငြိုးထားပြီး ဆောင်ရွက်ခြင်းမရှိပါကြောင်း၊ ပေးပို့သည့်တိုင်ကြားစာပေါ်တွင်မူတည်ပြီး တိုင်ကြားစာအရ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ပြီး စစ်ဆေး၊ စစ်ဆေးပေါ်ပေါက်ချက်အရ တရားစွဲတင်သည့် ကိစ္စရပ်များဆောင်ရွက်၊ ယခင်ကလည်း ယင်းစနစ်အတိုင်းဖြစ်ပြီး နောင်တွင်လည်း ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်။**
- **ရန်ကုန်တိုင်းဒေသကြီးတွင် ယခင်နှစ်ကကျောင်းတက်သည့် ကလေး ၅၈၀,၀၀၀ ကျော်သာရှိပြီး ယခုနှစ်တွင် ၉၃၀,၀၀၀ ကျော်ဖြစ်လာသဖြင့် မိမိတို့အနေဖြင့် အမြန်ဆုံးထပ်မံဖြည့်ဆည်းပေးလျက်ရှိ၊ ကျောင်းသားအားလုံး ပုံနှိပ်စာအုပ်ရကြမည်ဖြစ်။**
- **နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့်လည်း သတင်းများနှင့်ပတ်သက်၍ ပေးပို့မှုများရှိ၊ အကြမ်းဖက်မှုနှင့်ပတ်သက်သည့်သတင်းများကို သတင်းလွှာ Information Sheet တွင် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ထည့်သွင်းဖော်ပြလျက်ရှိပြီး မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများအားလုံး၊ ပြည်ပရှိ မြန်မာသံရုံးများအားလုံး၊ UN နှင့်ဆိုင်သောအဖွဲ့အစည်းများအားလုံးနှင့် နိုင်ငံတကာသို့ ဖြန့်ဝေပေးလျက်ရှိ။**